www.burmeseclassic.com

စိတ်ကူးချိုချိုအနုပညာ

1 of 1

A Forbes AND JESS3 PRODUCTION

# THE ZEN of STEVE JOBS




# စတိဂျော့ရဲ့ ဈင်

## စီမံခန့်ခွဲမှုအတွေးအခေါ်ရုပ်ပြ

ဒိုဂျေဆန်း

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးချိုချိုစာအုပ်

# စတီဂျော့ရဲ့ ဈင်

စီမံခန့်ခွဲမှု အတွေးအခေါ်ရုပ်ပြ

## ဒိုဂျေဆန်း

မြန်မာပြန်

ပထမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စတိကျော့ရဲ့စျင်
ဒီဂျေဆန်း - မြန်မာပြန်

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | အုပ်စု - ၁ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |
| မျက်နှာဖုံးဒီဇိုင်း | - | အမ်အက်စ်အို |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| စာအုပ်ချုပ် | - | ကိုတင်အေး(လှိုင်) |


၂၀၁၂၊ ဇွန်လ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၀၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# THE ZEN of STEVE JOBS

WRITTEN BY CALEB MELBY
OF Forbes
CONCEPT, DESIGN, AND ILLUSTRATION BY JESS3



# စတိဂျော့ရဲ့ ဈင်

ဋိုရွှေဆန်း

စီမံခန့်ခွဲမှု၊ အတွေးအခေါ် ရုပ်ပြ

www.burmeseclassic.com

www.burmeseclassic.com

# မူရင်းစာအုပ်အကြောင်း

စတီဂျော့ (Steve Jobes) (၁၉၅၅-၂၀၁၁) ကွယ်လွန်ပြီးချိန်၌ သူ့အကြောင်း စာအုပ်များ တသောသော ထွက်လာခဲ့သည်။ ဖော့ဘ်စ် (Forbes)မှ 'စတီဂျော့ရဲ့ဈင်' (The Zen of Steve Jobes) အမည်ဖြင့် ကာတွန်းစာအုပ် ထုတ်ဝေသည်။ စာမျက်နှာ ၆၀ ပါ ရုပ်ပြဝတ္ထုဖြစ်ပြီး ၁၉၈၅ ခုနှစ်ဝန်းကျင်၌ စတီဂျော့ အက်ပ်ပဲလ် (Apple) ကို ကျောခိုင်းခဲ့ရပြီး နိပ်စ် (Next) အမည်ရှိ ကုမ္ပဏီကို ထူထောင်ရန် လုပ်ကိုင်နေစဉ်ကာလကို ဖော်ပြထားသည်။ ကလက်မယ်လ်ဘီ (Clabes Merby) သည် ဇာတ်ကြောကို ရေးပေးသူဖြစ်သည်။

သူသည် ချီကာဂိုထရီဗြူးသတင်းစာနှင့် တိုင်းမ်အော့ဖ်အာဖရိကတို့တွင် ရေးသားနေသူဖြစ်သည်။ **စတီဂျော့**သည် မိတ်ဆွေဖြစ်သူ ဂျပန်မှ အမေရိကန်သို့ ပြောင်းရွှေ့အခြေချသူ ဈင်ကိုယ်တော် **ကိုဘန်** (Kobun Chino Otogawa) ထံမှ ဂျပန်တို့၏ ဒီဇိုင်းဆိုင်ရာ အခြေခံသဘောတရားဖြစ်သည့် 'မ' ကို မေးမြန်းရယူပုံကို ဤစာအုပ်တွင် တင်ပြထားသည်။ ယင်း 'မ' သဘောတရားဖြင့် အိုင်ပက်၊ အိုင်ဖုန်း၊ အိုင်ပေါ့ အစရှိသည့် 'အိုင်' ထုတ်ကုန်များ ထုတ်လုပ်ခဲ့သည်။ အက်ပ်ပဲကို ကျောခိုင်းခဲ့ရပြီးသည့်နောက် ၁၉၉၇ ခုနှစ်တွင် အက်ပ်ပဲမှ စတီဂျော့ကို ပြန်လိုအပ်သဖြင့် စတီဂျော့၏ နိပ်စ်ကုမ္ပဏီကို အပြီးအပိုင်ဝယ်ယူခြင်းဖြင့် ဂျော့ကို အက်ပ်ပဲသို့ ပြန်ရောက်ရှိစေခဲ့ပြီးသောအခါ စတီဂျော့က 'အိုင်' ထုတ်ကုန်များကို ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ကိုဘန်နှင့် ဂျော့တို့ နှစ်ဦးစလုံးသည် ဒီဇိုင်းပိုင်းဆိုင်ရာတွင် အနုပညာမြောက်အောင် တီထွင်သစ်ဆန်းလိုကြသူများဖြစ်ကြသဖြင့် အတွဲညီခဲ့သည်ဟု ဆိုရမည်။

**ဖော့ဘ်စ်** (Forbes) ကို ၁၉၁၇ ခုနှစ်တွင် ထူထောင်ခဲ့သည်။ အတွင်းကျကျ သတင်းအချက်အလက်များ တင်ပြနိုင်ခြင်းဖြင့် လွတ်လပ်စွာ လုပ်ကိုင်ကြသည့် လုပ်ငန်းများ၏ အောင်မြင်မှုများကို အထောက်အကူပေးလျက်ရှိပြီး ဖော့ဘ်စ် (Forbes) နှင့် ဖော့ဘ်စ်အာရှ (Forbes Asia) တို့သည် စာဖတ်ပရိသတ် ၆ သန်းကျော် ရှိနေပြီး ခိုင်မာတည်ကြည်စွာ ရပ်တည်လျက်ရှိသည်။ ၎င်း၏ ဝက်ဘ်ဆိုက်မှာ Forbes.com ဖြစ်သည်။ ဝက်ဘ်တွင် စီးပွားရာလုပ်ငန်းတို့ကို ရှေ့ဆောင်ပေးနေသည့် ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည်။ လစဉ် တက်ရောက်ကြည့်ရှုသူ ၂၁ သန်းဝန်းကျင်ရှိသည်။ ဖော့ဘ်စ်သည် Forbeslife အမည်ရှိ မဂ္ဂဇင်းကိုလည်း ထုတ်ဝေလျက်ရှိသည်။ နိုင်ငံပေါင်း ၁၈ နိုင်ငံကျော်တွင် ထုတ်လုပ်ခွင့်လိုင်စင်ဖြင့် ထုတ်ဝေစေလျက်ရှိသည်။

**ဂျိစ်သရီး** (JESS3) သည် အနုလက်ရာဖန်တီးသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး အချက်အလက်များကို သရုပ်ဖော်ပေးသည့် ဖန်တီးမှုများကို အထူးပြုလုပ်ကိုင်ရာ၌ နာမည်ရနေသည့် လုပ်ငန်းဖြစ်သည်။ ရုပ်ပြရေးဆွဲခြင်း၊ သတင်းအချက်အလက်များ ပုံပြဒီဇိုင်းထုတ်ခြင်း၊ သက်ဝင်လှုပ်ရှားသည့်အရုပ်များဖြင့် တင်ဆက်ခြင်း အစရှိသည်တို့ကို ဆောင်ရွက်ပေးသည်။ ရှုပ်ထွေးသော သဘောတရားများ၊ အချက်အလက်များကို အလှဆင်ပေးသည့် ဖန်တီးရှင်ဖြစ်သည်။ ဖော့ဘ်စ်မှ ထုတ်ဝေမည့် စတီဂျော့၏ ဈင် ရုပ်ပြစာအုပ်အတွက် ဂျိစ်သရီးမှ တာဝန်ယူ ပုံဖော်ပေးခဲ့သည်။ ဂူဂဲ၊ အင်တယ်၊ ဆမ်ဆောင်း၊ အမ်တီဗီ၊ တွစ်တာ၊ ဖေ့စ်ဘုတ် အစရှိသည်တို့အတွက် ရုပ်ပြဇာတ်လမ်းများ ဖန်တီးပေးသူဖြစ်သည်။

www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆုံးဘိတ် စကား

အက်ပ်ပဲလ် ပူးတွဲတည်ထောင်သူ စတီဂျော့သည် လူအများ အပြားနှင့် စီးပွားရေးလုပ်ငန်းတို့ အပေါ် ကြီးစွာသော ဩဇာ တိက္ကမ ရှိခဲ့ပေရာ သူ့ဘဝကို ဒဏ္ဍာရီဆန်ဆန် ရှုထောင့်မှ မကြာ ခဏ ရှုမြင်ကြသည်။ ဂျော့က အခြားသူတို့ကို ဤအတိုင်း သူ့ကို ထင်မြင်စေရန် အားပေးခဲ့သည်။ သူ၏ ထူးခြားပြောင်မြောက် သည့် အရည်အသွေးနှင့် တွန်းအားအပြည့်ရှိခြင်းတို့ဖြင့် 'ပကတိ အစစ်အမှန် ပျက်ယွင်းစေသော စက်ကွင်း'ကို ဖန်တီးခြင်း ပြုသည်။ ယင်း စက်ကွင်းဖြင့် လူများကို သူ့အမြင်အတိုင်း ဖြစ်စေအောင် ကျုံးသွင်းသည်။

သို့သော် ဂျော့၏ ဩဇာတိက္ကမ အများစုနှင့် နာမည်ကျော် စောခြင်း အများစုတို့မှာ ပူးပေါင်းလုပ်ကိုင်ပေးကြသည့် ဒီဇိုင်းသမားများ၊ အင်ဂျင်နီယာများနှင့် တွေးတောကြံဆသူများ ကြောင့် ရရှိခဲ့ခြင်း ဖြစ်သည်။ ထိုသူတို့သည် မီးမောင်းထိုး ခံရခြင်းကို သူ့လောက် မကြိုက်ကြသူများ ဖြစ်ကြသည်။ စင်ပေါ်၌ ထင်ပေါ်လိုခြင်းကို သူ့လောက် မကြီးမားကြသူများ ဖြစ်ကြသည်။ ဤစာအုပ် 'စတီဂျော့၏ ဇင်' တွင် စတီနှင့် ထိုသို့ သောသူတစ်ယောက်တို့အကြား ဆက်ဆံဆက်နွယ်နေပုံကို ဇာတ်လမ်းဆင်ပြထားသည်။ ထိုသူမှာ ကိုဘန် ချီနို အိုတိုဂါဝါ ဖြစ်သည်။

ကိုဘန်သည် ဇင် ဘုန်းတော်ကြီး ဖြစ်သည်။ ၁၉၆၇ ခုနှစ်တွင် ဂျပန်မှ အမေရိကန်သို့ ပြောင်းရွှေ့ နေထိုင်ခဲ့သည်။ ကယ်လီဖိုးနီးယားရှိ ကျောင်းတော်ကို အုပ်ချုပ်ရသည်။ သူသည် စည်းကမ်းကလေးနားတို့ကို မလေးမစားပြုထားသည့် ဇင်တွင် ဖန်တီးရှင် ဖြစ်သည်။ အစဉ်အလာကို ချိုးဖျက် ဖောက်ထွက်ရန် အတွက် ဂျပန်မှ အမေရိကန်သို့ သူလာခဲ့ခြင်း ဖြစ်သည်။ ဇင်ကိုယ်တော်တို့ ပြုမူနေကျဖြစ်သည့် ရိုက်နှက်၍ အပြစ် ပေးခြင်းကို ခေါင်းမာမာဖြင့် စွန့်လွှတ်ထားသူ ဖြစ်သည်။ သူ့ တပည့်ရင်းတို့က သူ့ကို ပုံဖော်ရာ၌ ပုံသေကားကျဝါဒကို ချက်ချင်းလက်ငင်း၊ အာခံရမှ ကျေနပ်သော ဘုန်းဘုန်းဖြစ်ပြီး တပည့် တစ်ဦးချင်းအလိုက် ကျင့်ကြံအားထုတ်နည်းနှင့် သင်ပြမှု တို့ ပေးခြင်းကို ပိုမိုလိုလားသူ ဖြစ်သည်။

ကိုဘန်သည် ဗုဒ္ဓဘာသာ တာဝန်ထမ်းသူ ဖြစ်သည်။ စတီဂျော့သည် ကွန်ပျူတာနှင့် စီးပွားရှာခြင်း နှစ်ရပ်တို့ကို လုပ်ကိုင်သူ ဖြစ်သည်။ တစ်ဦးက ဘာသာရေး အစဉ်အလာ ပြောင်းလဲသူ ဖြစ်သည်။ ကျန်တစ်ဦးက အများနှင့် အယူအဆ မတူသူ ဖြစ်သည်။ သို့ဖြစ်ရာ သူတို့နှစ်ဦး နီးနီးကပ်ကပ် တွဲမိကြ သည်မှာ မဆန်းချေ။

ဖော်ပြထားသည့် ဇာတ်လမ်းသည် ကျယ်ကျယ်ပြန့်ပြန့် အချက်အလက် ရယူထားသည်။ ကိုဘန် လက်အောက်၌ ဗုဒ္ဓဘာသာကို လေ့လာဆည်းပူးနေကြသူများနှင့် စတီနှင့်အတူ တရားအားထုတ်ခဲ့ကြသူများကို တွေ့ဆုံမေး မြန်းခြင်း ပြုထား သည်။ ထို ရင်းမြစ်နှစ်ခုစလုံးသည် နှစ်ဦးစလုံးကို သိထားကြသူ များ ဖြစ်ကြသည်။ သူတို့ တွေ့ဆုံခဲ့ကြသည့် အတွေ့အကြုံများ ရှိထားကြသည်။ ကိုဘန်၏ တပည့် အများအပြားသည် ယခုအခါ ဘုန်းတော်ကြီးများ ဖြစ်နေကြပြီ ဖြစ်သည်။ တစ်မူခြားနားသည့် ဒဿနများနှင့် အစဉ်အလာများကို သူတို့၏ ကျောင်းတော်များ၌ တွေ့ရသည်မှာ ကိုဘန်၏ တစ်ဦးချင်းအလိုက် သင်ကြားခြင်း အပေါ် ယုံကြည်သက်ဝင်မှု အပြည့်ရှိကြောင်းပြသနေသည်။

ထို တွေ့ဆုံမေးမြန်းခဲ့ခြင်းများမှ စတီသည် ကိုဘန်ထံမှ ဘာကို သင်ယူသိရှိခဲ့သည်ကိုလည်းကောင်း၊ သူတို့နှစ်ဦး အကြား ဆက်ဆံ ဆက်နွယ်မှုကိုလည်းကောင်း ကျွန်ုပ် သိရှိခဲ့ရပေသည်။ စတီသည် စရောင်းလမ်းပေါ် ပျောက်နေ ရစဉ်၌ ဘာသာရေးကို သက်ဝင်ယုံကြည်မှု အပြည့်အဝ ရှိနေ ခဲ့ကြောင်း သိခဲ့ရသည်။ သို့သော် သူတို့ နှစ်ဦးတည်း ရှိနေကြ ချိန်များတွင် ဘာတွေ သင်ပြခဲ့သည်ကိုမူ မသိရှိနိုင်ပေ။

ထို့ကြောင့် ဤစာအုပ်ကို 'ပုံပြန်ဖော်ယူခြင်း'ဟုသာ ဆိုရ ပေသည်။

ဇာတ်ကြောင်းတည်ထားပုံမှာ တစ်ဖြောင့်တည်း မဟုတ်ချေ။ စတီနှင့် ကိုဘန်တို့အကြား ဆက်ဆံရေးသည် စတီဘဝ အခြေအနေ ပြောင်းလဲမှုအရ ရစ်လိုက် ပြန်ခလိုက်နှင့် ရှိနေသည်။ ဂျစ် သရီးမှ တစ်ရောင်ခြယ်ဖြင့် တင်ပြထားသည့် ပြကွက်များသည် အရောင်အလိုက် ကာလတစ်ရပ်ကို ထင်ဟပ် ပြသထားသည်။

စတီ၏ ဘဝတွင် ကိုဘန်၏ အခန်းကဏ္ဍကို အတ္ထုပ္ပတ္တိများ တွင် ပြည့်ပြည့်ဝဝ ရှာဖွေတင်ပြထားခြင်း မရှိချေ။ ကိုဘန်သည် စိတ်ပိုင်းဆိုင်ရာဆရာသမား ဖြစ်ကြောင်းမျှသာ တင်ပြထားကြ သည်။ ဂျော့၏ နိဗ်စ်ကွန်ပျူတာကုမ္ပဏီအတွက် ဆရာတင်ခဲ့ သည်ဟု ဖော်ပြကြသည်။ စတီနှင့် ဇနီးဖြစ်သူ လောရင် ပိုဝဲတို့ကို လက်ထပ်ထိမ်းမြားပေးခဲ့သူ အဖြစ် ဖော်ပြကြသည်။ စတီဂျော့၏ ဇင် စာအုပ်တွင် သူတို့နှစ်ဦးအကြား ဆက်ဆံရေး ဇာတ်လမ်းကို အပြည့်အဝ ပြောပြပေးထားသည်။

ဤစာအုပ်သည် အတ္ထုပ္ပတ္တိ မဟုတ်ချေ။ အတ္ထုပ္ပတ္တိ ရေးသားသူတို့ လိုအပ်သည်ဟု သတ်မှတ်ထားကြသည့် လူများနှင့် ဇာတ်ဝင်ခန်းများကို ချန်လှပ်ထားသည်။ ထိုအချင်း အရာတို့မှာ ဂျော့နှင့် စကူလီတို့ သဘောထားကွဲလွဲကြ အချင်း များခြင်း၊ နိဗ်စ်တွင် ဂျော့၏ အခန်းကဏ္ဍ၊ ကုမ္ပဏီ ကျဆုံးခန်း၊ သူနှင့် မိသားစုတို့အကြား ဆက်ဆံရေးတို့ ဖြစ်သည်။

ကျန်ရှိသည်မှာ ကြီးမားသည့် စိတ်နှစ်ခုအကြား ဆက်ဆံ ဆက်နွယ်မှုကို သရုပ်ဖော်ပြခြင်း ဖြစ်သည်။ လားရာ မတူခြားနားသည့် စနစ်များ (လောကီနှင့် လောကုတ္တရာ)က သူတို့ နှစ်ဦးသည် ကွဲပြားသည့် လမ်းကြောင်း အသီးသီးသို့ လုံးဝဥဿုံ ပို့ဆောင်ပေးလိုက်ကြသည်။

ဖော့ဗ်စ်အတွက် စတီဂျော့၏ဇင်ကို ရေးပေးရသည်မှာ အိပ်မက်တစ်ခု ဖြစ်သည်။ ဖော့ဗ်စ်၏ စီးပွားရှာလုပ်ငန်းရှင်ကြီး များ၏ ဇာတ်လမ်းများ ပြောပြရန် ထက်သန်မှုသည် အနိုင်းမဲ့ သည်။ ဖော့ဗ်စ်သည် ယင်းတာဝန်ကို စီးပွားရေးနှင့် စက်မှု နယ်ပယ်တို့တွင် ဖြစ်ပေါ်နေသည့် အခြေအရပ်ရပ်ကြောင့် အလွန်အမင်း စက်ခဲနေကြစဉ်၌ပင်လျှင် ဆက်လက်၍ မပျက် မကွက် ထမ်းဆောင်ခြင်း ပြုသည်။

ဤစာအုပ်သည် ဖော့ဗ်စ် စီမံခန့်ခွဲမှု စာတည်း ဘရစ် အပ်ဗ်ဘင်၏ အမျှော်အမြင်နှင့် ဖော့ဗ်စ် လုပ်ငန်းတို့သာ မရှိခဲ့လျှင် စာအုပ်အဖြစ်သို့ ရောက်လာနိုင်မည် မဟုတ်ချေ။

●



www.burmeseclassic.com

www.burmeseclassic.com







# ကိုဘာန် အကြောင်း

ကိုဘာန်ကို ၁၉၃၈ခုနှစ်တွင် မွေးဖွားခဲ့သည်။ ဂျပန်နိုင်ငံရှိ မြို့ကလေး တစ်မြို့တွင် ခိုတိုရှင် ဘုန်းတော်ကြီး မျိုးရိုးစဉ်ဆက်မှ မွေးဖွားခဲ့ခြင်း ဖြစ်သည်။ သူ့ဖခင်သည်လည်း ဘုန်းတော်ကြီး ဖြစ်သည်။ ကိုဘာန် ငယ်ရွယ်စဉ်မှာပင် ဖခင် ကွယ်လွန်ခဲ့သည်။ ဆယ်ကျော်သက်အရွယ်၌ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး ဟိုဂန် ချိုနို ရိုရှိမှ မွေးစားခဲ့သည်။ ဂျပန်ရိုးရာ ဓလေ့ထုံးတမ်းအရ ကိုဘာန်သည် ချိုနို ရိုရှိ၏ အရိုက်အရာကို ဆက်ခံရမည့်သူ ဖြစ်ပေရာ နောင်တစ်ချိန်၌ ကျောင်းတော်၏ ကျောင်းထိုင်ကိုယ်တော် ဖြစ်လာမည် ဖြစ်သည်။ ၁၉၆၂ခုနှစ်၌ ရိုရှိထံမှ ဓမ္မကို ကိုဘာန် ကူးပြောင်းရယူခဲ့သည်။ ချိုနို ရိုရှိ၏ တရားဝင် သွေးဆက်အဖြစ်သို့ ရောက်ရှိသွားခြင်း ဖြစ်သည်။ ဓမ္မ သင်ပြပိုင်ခွင့်နှင့် ဓမ္မ ကူးပြောင်းပေးပိုင်ခွင့်များ ရရှိခြင်းလည်း မည်ပေသည်။

ကိုဘာန်သည် ကျိုတိုတက္ကသိုလ်ကို ၁၉၅၇ခုနှစ်မှ ၁၉၆၅ခုနှစ်အထိ တက်ရောက်ခဲ့သည်။ ထိုကာလ၌ ရိုးရာ စာပန်းချီရေးခြင်းနှင့် မြားပစ်ခြင်း လေးအအတ်ပညာတို့ကို သင်ပြခဲ့သည်။ တက္ကသိုလ်မှ ထွက်လိုက်ပြီးသောအခါ ဂျပန် ဘုန်းတော်ကြီးကျောင်း၌ သုံးနှစ် သီတင်းသုံးခဲ့သည်။ သူ့ထံ ရောက်လာသော တပည့်တို့ကို ထိုကာလတစ်လျှောက် သင်ပြပေးနေခဲ့သည်။ သူက ကိုယ်ထိလက်ရောက် အပြစ်ပေးရာ၌ သုံးစွဲသည့် တုတ်ချောင်းပြား သုံးစွဲခြင်းကို စွန့်ပယ်ခဲ့သည်။ အစဉ်အလာအရ သုံးစွဲနေကျဖြစ်သည့် ကိရိယာကို စွန့်ပယ်ခဲ့ခြင်း ဖြစ်သည်။ သင်တန်းတက်သော တပည့်တို့ကို အပြင်းအထန် စိတ်ကြွမ်းကြမ်းလမ်းညွှန်ပြခြင်းကိုလည်း ပစ်ပယ်ခဲ့သည်။

ထိုအချက်က ခိုတိုရှင်ဗုဒ္ဓဘာသာအတွက် တီထွင်မှုများ အများအပြား ဘူပြုပေးခဲ့သည့်အနက် တစ်ခု ဖြစ်သည်။

၁၉၆၇ခုနှစ်၌ ဘုန်းတော်ကြီးကျောင်း၌ သီတင်းသုံးနေစဉ် ကိုဘာန်သည် ရှုဇူကီး ရှိုရှိထံမှ ဖိတ်ခေါ်သည့် စာကို လက်ခံရရှိခဲ့သည်။ ရှုဇူကီး ရှိုရှိသည် ဆန်ဖရန်စစ္စကိုတွင် ၁၉၅၈ခုနှစ်ကတည်းက တရားပြနေသူ ဖြစ်သည်။ သူက ကိုဘာန်ကို ကယ်လီဖိုးနီးယားသို့ အရောက်လာပြီး တစ်ဆရာဂျာရာကျောင်းတော်ကို ထူထောင်ရန်အတွက် ကူညီပါရန် ပန်ကြားခဲ့သည်။ ယင်းကျောင်းတော်သည် အမေရိကန်၌ အဦးဆုံး ဖွင့်လှစ်မည့် ချင်ကျောင်းတော် ဖြစ်သည်။ ကိုဘာန်၏ ဆရာသခင်က ခွင့်မပြုချေ။ အမေရိကန်သို့ သွားခွင့် မပြုချေ။ အစဉ်အလာကို ပစ်ပယ်ပြီး ကိုဘာန်က ဆရာသခင် ချိုနို ရိုရှိ၏စကားကို ပယ်ရှားခဲ့သည်။ သူက နာခံခြင်း မပြုဘဲ ကယ်လီဖိုးနီးယားသို့ သွားရောက်ခဲ့သည်။

၁၉၇၀ ပြည့်လွန်နှစ်များ အစောပိုင်း၌ ကိုဘာန်သည် ဟိုက်ကူဇန်ဒို၏ ကျောင်းထိုင်ဖြစ်လာခဲ့သည်။ ယင်းသည် လော့စ်အယ်လ်တို့၏ ဆင်ခြေဖုံး ရပ်ကွက်၌ တည်ရှိသည်။ ထိုကျောင်း၌ ငယ်ရွယ်သူ ခတီရော့ကို အဦးဆုံးအကြိမ် တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။ ဘုရ်ယောက် ထိုင်ရန်သာ ဆန့်သည့် ကားဂိုဒေါင်ကို အသုံးပြုထားခြင်း ဖြစ်ပြီး ဟိုက်ကူဟု အမည်တွင်သည်။ အမေရိကန်၌ ချင်ဗုဒ္ဓဘာသာ ချို့ချို့တဲ့တဲ့ဖြင့် ခတင်ခဲ့ရာ နေရာ ဖြစ်သည်။

များမကြာမီမှာပင် ကိုဘာန်တွင် နောက်လိုက်များပြား လာသော အခါ နေရာကျဉ်းတည်း နေတော့သည်။ ထိုစဉ်ကာလ၌ ကိုဘာန်သည် ပထမဇနီးဖြစ်သူ ဟာရီရက်ကို လက်ထပ်ခဲ့သည်။ ကလေး နှစ်ယောက် ထွန်းကားသည်။

၁၉၈၀ခုနှစ် နောက်ပိုင်းတွင် လင်မယား ကွဲခဲ့သည်။ ဟာရီရက်က ကလေးများနှင့်အတူ အာကန်ဆော်စ်ရှိ လစ်တဲရော့စ်တွင် သွားနေသည်။ ကိုဘာန်က နယူးမက္ကဆီကိုသို့ ပြောင်းရွှေ့ကာ ကားဖြင့်သွားပါက ဟာရီရက် နေထိုင်သည့်နေရာနှင့် သိပ်မဝေးသောနေရာတွင် နေထိုင်ခဲ့သည်။ ၁၉၈၀ပြည့်လွန်နှစ်များ အနှောင်းပိုင်းတွင် ကိုဘာန်သည် ဥရောပသို့ ခရီးထွက်သည်။ တပည့်ဟောင်း ဗန်ဂျာ ဝဲလ်မာကို သွားရောက်ကူညီပေးခြင်း ဖြစ်သည်။ ယင်းတပည့်ဟောင်းသည် ဂျာမနီ၊ ဆွစ်ဇာလန်နှင့် ဩစတြီးယားတို့တွင် ချင်တပည့်များကို တရားပြနေသူ ဖြစ်သည်။ ကိုဘာန်က ဗန်ဂျာနှင့် အပေါင်းပါတို့ ဥရောပ၌ ကျောင်းတိုက်များ ထူထောင်ဖွင့်လှစ်ခြင်းကို ကူညီပေးခဲ့သည်။

ဥရောပ၌ နေထိုင်စဉ် ဒုတိယဇနီး ဖြစ်လာမည့် ကက်သရင်းနှင့် ဆုံဆည်းခဲ့သည်။ ဒုတိယဇနီးနှင့် ကလေး သုံးယောက် ထွန်းကားခဲ့သည်။

ကိုဘာန်သည် အမေရိကန်၌ တရားဌာနများ၊ ကျောင်းတိုက်များ အများအပြား ထူထောင်ပေးခဲ့သည်။ ၁၉၉၀ ပြည့်လွန် နှစ်များ၌ ခန်တာခရုဇ်သို့ ကိုဘာန်တို့ မိသားစု ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

၂၀၀၂ခုနှစ်၌ ဆွစ်ဇာလန်နိုင်ငံတွင် ၅ နှစ်အရွယ်ရှိ သမီးဖြစ်သူ မာယာ ရေကန်ထဲ မတော်တဆ ပြုတ်ကျကာ ရေနစ်သည်ကို ဆင်းကယ်ရာမှ သမီးရော အဖေပါ ရေနစ်ပြီး သေဆုံးသွားခဲ့ကြသည်။

ကိုဘာန်သည် ဓမ္မအမွေကို ဆက်ခံပြီး လက်ဆင့်ကမ်းပေးမည့်သူများကို ဥရောပနှင့် အမေရိကန်တို့၌ ထားရစ်ခဲ့ပေရာ ဗုဒ္ဓဘာသာ ဆက်လက်ထွန်းလင်းနိုင်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူနှင့် ပြောဆိုခန်း

**ခေတိဘဝရဲ့ အခုကာလအပိုင်းအခြားနဲ့ သူနဲ့ ကိုဘန်တို့အကြား ဆက်ဆံရေးကို စူးနိုက်ဖို့ ဘာလို့ ရွေးချယ်ခဲ့တာပါလဲ**

အထ္ထုပ္ပတ္တိကို အစအဆုံး လုပ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဂျိမ်ဘရီးမှ ဂျိမ်ဘောမတ်ခ်က ပော့ပ်ခ်ရဲ့ ခိမ်မှုခာတည်း ဘာချအပ်ပ်ဘင်နဲ့ ကျွန်တော် ရောက်မလာခင်ကလေးတင်မှ ပြောဆိုဖြစ်ခဲ့ကြတာ မှာ ခေတိရဲ့ ဒီဇိုင်းအနုလက်ရာဒေသန ပွဲပြီးပုံကို ရှုမြင်တဲ့ဟာကို လုပ်ကြဖို့ ပြောထားတယ်။ အဲဒီ စူးနိုက်မှုဟာ ခေတိနဲ့ အင်ဝ်ပဲလ် တို့ရဲ့ အသည်းနှလုံးကို အမိဖမ်းနိုင်တဲ့အပြင် ရှည်ရှည်လျားလျား ဇာတ်ကြောင်းပြန်နေဖို့ မလိုဘူး။

ခေတိက သူ့ဘဝတစ်လျှောက်မှာ မိမိဘာသာ တိုးတက်ဖွံ့ဖြိုး ခြေခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ အမြင်ထက်သန်အောင် အကြိမ်ကြိမ် လုပ်ခဲ့တယ်။ စိတ်ကို ပြောင်းလဲစေတဲ့ မူးယစ် ဆေးဝါးကို လည်း စမ်းသပ်ခဲ့တယ်။ ဘာသာမဲ့ စားပြီး နေခဲ့ဖူးတယ်။ ဒီလို မီးလှုတ်စားရင် ချွေးမထွက်ဘူးလို့ သူ ယုံကြည်လို့ စားခဲ့တာ ဖြစ်ပါတယ်။ 'ခြောက်ပစ်ကင်းဘဲလဲခင်' အဖြစ်သို့ ရောက်ရှိရေး အတွက် ကြိုးစားအားထုတ်မှု တစ်ခု ဖြစ်ပါတယ်။ ချင်ဗုဒ္ဓဘာသာ ဟာ ခေတိနဲ့ အကြာဆုံး ပူးကပ်နေခဲ့ပါတယ်။ ကိုဘန်က ခေတိရဲ့ ဉာဏ်ဆရာပါ။ ဗုဒ္ဓဘာသာရော ဒီဇိုင်း ရော နှစ်ခုစလုံးအတွက် ဉာဏ်ဆရာပါ။ ဒီ ဘုန်းဘုန်းက ခေတိရဲ့ ဘဝမှာ ၁၉၈၀ ပြည့်လွန် နှစ်များ၊ အလယ်ပိုင်းလောက်မှာ ဩဇာညောင်းနိုင်ခဲ့ပါတယ်။ ခေတိက သူ့ရဲ့ နိုင်ငံအတွက် ဉာဏ်ဆရာပါ လို့ အမည်တပ်ခဲ့ပါ တယ်။ ဒါပေမဲ့ ကျွန်တော် တကယ်ရလိုက်တာကတော့ သူတို့ရဲ့ လောကအမြင်နှစ်ခုက မျဉ်းပြိုင်ပြေးနေတယ်ဆိုတာပဲ ဖြစ်ပါ တယ်။ သူတို့နှစ်ယောက်စလုံးက စည်းကမ်းကာလနားတွေကို ချိုးဖောက်ကြတယ်။ တီထွင်ဖောက်ထွက်ကြသူတွေလည်း ဖြစ်ပါ တယ်။ ဒီလူနှစ်ယောက်ကို နှစ်ယောက် အပြိုင်နင်းရတဲ့ စက်ဘီး ပေါ်တင်ပေးပြီး ဇာတ်ကို ခင်းရတာ ကျွန်တော် စိတ်တွေ လှုပ်ရှား တက်ကြွမိပါတယ်။

**ဒီဇာတ်လမ်းအတွက် သုတေသနလုပ်ခဲ့တာမှာ ဘယ် အချက် အလက်ကို စိတ်အဝင်စားဆုံး ဖြစ်ခဲ့ပါသလဲ။**

ခြောက်ပစ်ကင်း ဘဲလဲခင် အကြောင်း ရှင်းလင်းပြောဆိုရတာ ဟာ ခေါင်းအရှုပ်ရဆုံး အဖြစ် သုတေသနလုပ်ခဲ့မှာ ကျွန်တော် ထိပ်တိုက်တိုးခဲ့ပါတယ်။ ကျွန်တော်က ပြီးပြည့်စုံခြင်းကို ဗုဒ္ဓ ဘာသာရှုထောင့်မှ ဘယ်လိုမြင်သလဲဆိုတာ သိချင်မိတယ်။ ဗုဒ္ဓ ဘာသာ သင်ပြတဲ့ကျောင်းတွေမှာ အတွေးအခေါ်တွေ၊ အခြေ အလာတွေ အတွဲလိုက် အများအပြား ရှိနေကြတယ်။ ကျွန်တော် က မေးမြန်းတယ်။ ပြီးပြည့်စုံခြင်းကို ဗုဒ္ဓဘာသာက ဘယ်လို ပြော ပြသလဲ လို့ မေးတော့ အမေးခံရသူအားလုံးက ကျွန်တော်ကို ရယ်မောကြတယ်။ ကျွန်တော်က ကက်သိုလစ်ဖြစ်လို့ ဒီလို မေးနေတာလားလို့ တွေးမိတယ်။ ဒါပေမဲ့ ကျွန်တော် ရှင်းလင်း ပြတ်သားတဲ့ အဖြေကို တွေ့ခဲ့ပါတယ်။ ခြောက်ပစ်ကင်း ဘဲလဲခင် ပြီးပြည့်စုံသောအရာ တစ်ခုမှ မရှိဘူး။

ခေတိက ခြောက်ပစ်ကင်း၊ ပကတိပြည့်စုံကောင်းမွန်ခြင်းကို ယုံကြည်တယ်။ ကိုဘန်က မယုံဘူး။ သူက ကိုယ့်ဘာသာကိုယ် ပိုကောင်းအောင် လုပ်တာကို ယုံတယ်။ မိမိအတွင်းမှာ ငြိမ်းအေး မှု ရရှိစေတာကို ယုံတယ်။ မိမိပတ်ဝန်းကျင်နဲ့ ငြိမ်းအေးစေတာ ကို ယုံတယ်။ ခြောက်ပစ်ကင်းဝါဒီတွေဟာ ဘယ်သောအခါမှ ငြိမ်းအေးမှုကို မရကြဘူး။ ရေပန်းစားတဲ့ အယူအဆမှာ ဗုဒ္ဓ ဘာသာ ဘုန်းဘုန်းတွေက လုံးဝပကတိ တည်ငြိမ်အေးချမ်း နေတယ်။ ဉာဏ်ပညာရှိကြတဲ့သူတွေ ဖြစ်တယ်။ ဒါပေမဲ့ ကိုဘန်ရဲ့ ဘဝမှာတော့ အုတ်အုတ်ကျက်ကျက်နဲ့ ဆူညံတာတွေ ပြည့်လို့တည့်ထားတယ်။ နောက်ဆုံးမှာ အဲဒီအချက်ကြောင့် သူတို့ နှစ်ဦး တခြားစီ ကွဲသွားကြတယ်။ တစ်ယောက်က ပြီးပြည့်စုံတဲ့ တီထွင်ဖန်တီးသူအဖြစ် ခြောက်ပစ်ကင်း ထုတ်ကုန်တွေကို အမြောက်အမြား ထုတ်လုပ်ချင်တဲ့သူ။ နောက်တစ်ယောက် ကတော့ သူ့ကိုယ်သူ၊ သူ့မိသားစုနဲ့ သူ့ပတ်ဝန်းကျင်မှာ တည်ငြိမ်အေးချမ်းမှု ရရှိစေဖို့ အလုပ်လုပ်ပေးနေသူ။ ၁၉၉၀ ပြည့်လွန်နှစ်တွေမှာ ခေတိ ပြန်ခန်းထတော့ သူတို့ နှစ်ဦးဟာ မျက်လုံးချင်း မဆုံနိုင်ကြတော့ဘူး။ ပြီးပြည့်စုံခြင်းဆိုတဲ့ အချက် ကြောင့် ခေတိနဲ့ ကိုဘန်တို့ ကိုယ့်နေရာမှာ ကိုယ်နေကြပြီး တခြားစီ ဖြစ်နေအောင် သံမှိုအဖြစ် တွယ်ထားတယ်။

**ဘယ်လို အခန်းတွေကို ဖြတ်တောက်တည်းဖြတ်ခဲ့ပါသလဲ**

ကျွန်တော် ဒီဟာကို ရေးတော့ ဘီလ် ဝတ်တာခန် ပန်တီးထားတဲ့ ကယ်လ်ဗင်နဲ့ ဟော့ဘ်စ်ကနေ စိတ်ကူးစိတ်သန်း ရခဲ့ပါတယ်။ ဒီတော့ ကိုဘန်နဲ့ ခေတိတို့ရဲ့ ဆက်သွယ်ဆက်နွယ်မှုကို စူးနိုက် ပေးလိုခဲ့ပါတယ်။ ဒီတော့ သူတို့နှစ်ဦးရဲ့ ဆက်သွယ်ဆက်နွယ်မှု ကို တင်ပြရာမှာ ထမ်းငေါ့ပြီး လိုရင်း မရောက်နိုင်အောင် ဖြစ်နေစေမယ့် အခန်းတွေကို ဖယ်ထုတ်ထားလိုက်ပါတယ်။ ဒီတော့ အခန်းအတော်များများက အဲမဝင်တော့ဘူး။ ခေတိရဲ့ ဇနီး လောရင်းဆိုရင် ခေတိအတွက် မယုံနိုင်လောက်အောင် အရေးကြီးတဲ့သူ ဖြစ်ပါတယ်။ ကိုဘန် ကိုယ်တိုင်က တရားဝင် လက်ထပ်ပေးခဲ့တာပါ။ ဒါပေမဲ့ သူ့ကို ပြန်ဖျောက်ပစ်ထားရဖို့ အတွက် ခွဲသွင်းတာမျိုး ဖြစ်နေမှာမို့ သူ့ကို အစကတည်းက ဖယ်ထားလိုက်ပါတယ်။ သူတို့ရဲ့ အိမ်ထောင်ရေးဟာ ခေတိနဲ့ ကိုဘန်တို့ ဆက်ဆံရေးကို လှုသိများစေတဲ့အချက်ဖြစ်ပေမဲ့ ကျွန်တော် ဖယ်ထားလိုက်ရပါတယ်။


**နောက်ဆုံးအနေဖြင့် မေးချင်တာက ဒီဇာတ်လမ်းကို စာချည်း သက်သက်ဖြင့် မလုပ်ဘဲ ဘာလို့ ရုပ်ပြအဖြစ် လုပ်ဖြစ်ခဲ့ တာပါလဲ။**

ရေးထားတဲ့ ဟာန်ပန်က တိုတိုနဲ့ ဟာသမြောက်အောင် ရေးတဲ့ ဟာန်ပန် ဖြစ်နေပါတယ်။ အဲဒီဟာန်ပန်က ရင်ဇိုင် ချင် ဗုဒ္ဓဘာသာ ရဲ့ တရားဟောတဲ့ဟာန်ပန် ဖြစ်ပြီး သင်ကြားမှု အထောက်အကူပြု ကိရိယာလည်း ဖြစ်ပါတယ်။ တိုတိုနဲ့ ထိတယ်။ ကိုဘန်ထက် ခေတိရဲ့ ပြောပုံဆိုပေါက်ကို ပိုအစ်ခစ်တယ်။ ခေတိက တဲ့တိုး ပြော တတ်တဲ့သူ။ ကိုဘန်က ဉာဏ်နဲ့ယှဉ်ပြီး ပြောတဲ့သူ။ ဒါပေမဲ့ တစ်ခါတလေမှာတော့ စကားအူပေါက် ပြောဟောတတ်တဲ့သူ။ အဲဒါတွေကို ကျွန်တော်က ဖြတ်တောက်တည်းဖြတ်ခြင်း မပြုခဲ့ ရင် ဂျိမ်ဘရီးရဲ့ ရုပ်ပြသရုပ်ဖော်ချက်တွေမှာ စာတွေ ဖင်းကြမ်း ဖြစ်နေလိမ့်မယ်။ ဒါပေမဲ့ ကိုဘန်ရဲ့ ပို့ချမှုရဲ့ အချက်အချာတွေ က လှပနေတယ်။ အဲဒါက လိုရင်း ဖြစ်ပါတယ်။ ခေတိနဲ့ ကိုဘန် တို့ရဲ့ အနှစ်သာရကို အမိဖမ်းပြီး ဇာတ်ကို ခင်းတာမှာ ပုံတွေက နေ တစ်ဆင့် သွားထားပါတယ်။ နောက်ဆုံးရလဒ်ကတော့ ပင်ကို ကိုက ရုပ်ပြဇာတ်လမ်း ဖြစ်နေတယ်။ တရားမှတ်တာ၊ လက်ရေး စာလုံးအလှ ရေးသားတာ၊ အသက်အရွယ် ရလာတာတွေ အကုန်လုံး ပုံနဲ့ပြပြီး တင်ပြထားပါတယ်။ ပြီးတော့ ဒီစာအုပ်ရဲ့ ဒီဇိုင်းအကြောင်းကိုလည်း ပြောပြထားတယ်။ ဒီတော့ ရုပ်ပြ အဖြစ် ပြောပြသင့်တဲ့ ဇာတ်လမ်း ဖြစ်နေပါတယ်။



www.burmeseclassic.com


www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# အကြမ်းရေးခြစ်ချက်များနှင့် ရိုက်ညွှန်းရုပ်ပြကားချပ်






www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com







အဖွဲ့နဲ့ ကျွန်တော်တို့ စံနားခိုတာက ခေတ်ရဲ့ ဉာဏ်ပညာနဲ့ ဒီဇိုင်းအယူဝါဒ အချို့ကို အပုံးသရုပ်ဖော်တာမှာ နိုက်ဘွင်းပေးဖို့ ဖြစ်ပါတယ်။ မိတ်ကူးရတာက ရှင်းနေရမယ်။ ရိုးစင်းရမယ်။ သင်္ကေတပြုရမယ်။ အဆုံးမှာတော့ ဒီဇိုင်းရဲ့ အဓိကအရာအဖြစ် ခက်ပိုင်းကို သုံးကြဖို့ ကျွန်တော်တို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ အဆိုင်းပုံက ခေတ်က အက်ပ်ပဲလ်နဲ့အတူ မိတ်ဆက်ပေးခဲ့တဲ့ ထုတ်ကုန် အသေက်များများမှာ နေရာအနှံ့ တွေ့ရပါတယ်။

ဂျပ်ခေတင် ဟာမ်ဖီ၊ အဝုံးယန်းချီဆရာ

ဒီပရိုဂျက်မှာ ဂျိမ်ဘာရီ၊ အဖွဲ့ရဲ့ ရှေ့မထွက်တဲ့ အဖွဲ့သားတွေ ရှိနေပါသေးတယ်။


လက်မ်စလိုင် ဘာရတ်ရှော
ဘက်ကာ ကိုလ်ဘတ်
ဂျင်နီ ရက်ခ်ဖင်
ဂျိုယော့ဇန် ကူလကော့ပ်
ဆိုင်မွန် ဆိုဝင်မ်
ဆဲရန် လိန်း






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# ဘာသာပြန်သူ၏ စကားချပ်

ခတိရော့ ကို ခတိစ်ရော့ဘ်ခ် လို့ ရှုပ်ရှုပ်ထွေးထွေး မရေးဘဲ ခတိရော့လို့ပဲ ရှင်းရှင်းလင်းလင်း ရေးပြခဲ့ပါတယ်။ သူကိုယ်တိုင်က ရှင်းမှ ကြိုက်တဲ့သူဆိုတော့ သူ့အမည်ကို ရှင်းရှင်းလေးပဲ ရေးပြခဲ့တယ်။

သူ သက်ရှိထင်ရှား ရှိစဉ်က သူ့ရဲ့ ဟာသပြောနည်းနိဿယအကြောင်း စာအုပ်ထွက်တာကို ဖတ်ပြမိခဲ့ပြီး ၃ ဂဏန်းကို သုံးတဲ့ သူ့ အထာကို သဘောပေါက်မိခဲ့ပါတယ်။ သူဟာသပြောတဲ့ မိန့်ခွန်းကိုလည်း ဗီဒီယို ကြည့်ပြမိခဲ့တယ်။ သေခြင်းတရားကို နဖူးနဲ့ ပြေးဆောင့်မိပြီး သေရမယ့် နှစ်ကို စောင့်နေရချိန်မှာ ဟာသပြောခဲ့တာမို့ မိန့်ခွန်းက ရှင်းတယ်။

သူ သေတော့ သတင်းထဲ ပါလာတယ်။ မီဒီယာမှာလည်း သူ့အကြောင်းတွေ ပလူပျံသွားတယ်။ အရင်တုန်းက သူ့ကို မသိဘဲ သူဦးစီးတဲ့ အက်ပဲလ်က ထုတ်လုပ်ခဲ့တဲ့ အိုင်ပေါ့၊ အိုင်ပက်နဲ့ အိုင်ဖုန်းကိုပဲ သိကြတဲ့သူတွေ လည်း ရှိပါတယ်။

သူ သေတဲ့သတင်း ဖတ်ရှုမိတဲ့ သူငယ်ချင်းတစ်ယောက်က ချီးကျူးစကား ပြောခဲ့တာကို အနှစ်ချုပ် ဘာသာပြန်နေချိန် တစ်လျှောက်လုံး ပြန်သတိရရင် ပြုံးနေမိတာ အကြိမ်ကြိမ်ပါပဲ။ ဒီရုပ်ပြကလည်း အရွှင်ကလေး တင်ပြထားတာဆိုတော့ မရယ်ရရင်တောင် စိတ်ထဲ ပြုံးမိအောင် လုပ်ထားတာတွေ ပါနေတာကို သတိပြုမိတယ်။ ဒီတော့ စိတ်ထဲ ရယ်စရာတွေးမိအောင် ချီးကျူးစကားပြောခဲ့ဖူးတဲ့ သူငယ်ချင်းကို သတိရမိနေတာလည်း ဖြစ်ချင်ဖြစ်နိုင်တယ်။

သူက ခတိရော့ မသေခင် တစ်ပတ်လောက်မှာ ကျပ် ငါးသိန်းမျှနဲ့ အိုင်ပက် တစ်လုံးဝယ်ပြီး စိတ်ဆိုးနေတဲ့ငှက်ကို ရွှင်ရွှင်လန်းလန်း ပစ်နေတယ်။ ခတိရော့ သေပြီဆိုတာ သိလိုက်ရတဲ့အခါ သူက ကျွန်တော့်ကို လှမ်းပြောလိုက်ပါတယ်။

"ခတိ ရော့ သေပြီတဲ့။ တကယ်တော်တဲ့သူပါ။"

"သူ တော်တာ တစ်ကမ္ဘာလုံး သိတယ်။ အထွေအထူး လုပ်ပြီး ပြောမနေနဲ့."

"ကျွန်တော်က ကိုယ်တွေ့သိလိုက်ရတာ"

ကျွန်တော် နားမလည်တော့ဘူး။ သူက ဘယ်လိုနည်းနဲ့မှ ခတိရော့နဲ့ လူကိုယ်တိုင် တွေ့ဖူးစရာ အကြောင်းမရှိဘူး။ ကျွန်တော်က နားမလည်တဲ့ အကြည့်နဲ့ သူ့ကို ကြည့်လိုက်တယ်။ သူငယ်ချင်းက ချီးမွမ်းခန်း ဖွင့်လိုက်တယ်။

"တကယ်တော်တဲ့သူ။ သူ မသေခင် တစ်ပတ်လောက်မှာ ကျွန်တော့်ဆီက အိုင်ပက် တစ်လုံးဖိုး ရအောင် ယူသွားသေးတယ်"

ရင်ဘတ်ထဲ တညီညီမြည်စေအောင်း ကြွပါစေ
မိုးဂျူဆန်း



www.burmeseclassic.com